②表示同情或惊叹：ဖြစ်မှဖြစ်ရလေ ～ ။ 唉，怎么落到这个地步！ / ရက်စက်ဘိ ～ ။ 真残忍！

**ခြင်းကတုတ်** န၊ <khyin: g- dout> 用篓装满稻草做成的掩体

**ခြင်းကြား** န၊ <khyin: gya:> 大眼筐：～ ကြီးနဲ့ရေကိုယူ၊ အိုးတူလိုပါနိုင်ရိုးလား။ 用大眼箩筐打水怎么能象水罐子一样盛到水呢？喻：别不自量力跟人去比。

....**ခြင်းကြီးမက....** ပ၊ <khyin: kyi: m- ka'> 前后加上相同的形容词或动词表示"极其……"：ပျော်ခြင်းကြီးမကပျော်ကြသည်။ 极为高兴。/ မှားခြင်းကြီးမကမှားသည်။ 大错特错。/ ငိုခြင်းကြီးမကငိုသည်။ 大哭不已。

**ခြင်းခတ်** က၊ <khyin: khat> 踢藤球

**ခြင်းခြင်း** ကဝ၊ <khyin: gyin:> 红彤彤，红艳艳：～ နီသောသွေး 鲜红色的血

**ခြင်းခြင်းချက်ချက်** ကဝ၊ <khyin: gyin: khyet khyet> 红艳艳，红彤彤

**ခြင်းခြင်းမွဲမွဲ** ကဝ၊ <khyin: gyin: mwe: mwe:> 暗红色的

**ခြင်းခြင်းရဲရဲ** ကဝ၊ <khyin: gyin: ye: ye:> 鲜红地：နေဝန်းထွက်ပေါ်လာသောအခါကောင်းကင်သည် ～ ရှိသည်။ 太阳升起，红霞满天。

**ခြင်းငှာ** ပ၊ <khyin: hnga> 用于动词后表示"为了……"：အားလုံးသိစေ ～ ကျွန်တော်အနည်းငယ်ရှင်းပြပါအံ့။ 为了使大家明白，我简单解释一下。

**ခြင်းတ** န၊ <khyin: ta'> 事情经过，事实

**ခြင်းတောင်း** န၊ <khyin: taun:> 细竹篮

**ခြင်းပေါင်းကား** န၊ <khyin: paun: ka:> 大的粗篓子

…**ခြင်းမက**… ပ၊ <gyin: m- ka'> 极其（用于两个相同的动词中间）（参看 ခြင်းကြီးမက条）：ဝမ်းနည်း ～ ဝမ်းနည်းမိသည်။ 悲痛欲绝。/ စိတ်ထိခိုက် ～ ထိခိုက်လျက်ရှိသည်။ 极为伤心。

…**ခြင်းမလှ**… ပ၊ <gyin: m- hla' /khyin: m-hla'> 完全…（用于两个相同的动词中间，表示坏的结果）：ဂျပိုးတေလေကာလေးပမာပျက်စီး ～ ပျက်စီးစပြုလေပြီ။ 开始堕落得像个小流氓了。/ ထိုယောကျ်ားကြီးမှာပျောက် ～ ပျောက်သွားလေသည်။ 那男人消失得无影无踪。

…**ခြင်း…ယင်** ပ၊ <gyin . . .yin>（口）中间加上两个相同的动词，表示"…的话就…"的意思：ဝယ်ခြင်းဝယ်ယင်အကောင်းစားဝယ်ပါ။ 要买就买好的吧！ / ပေးခြင်းပေးယင်ခင်ဗျားကိုပေးမယ်။（这东西）要给人的话就给你。

**ခြင်းယဉ်** န၊ <khyin: yin> 踢藤球表演

**ခြင်းရာ** န၊ <khyin: ya>（合）事情，事实：အကြောင်း ～ 事情经过，事实真像

**ခြင်းရိုင်ခတ်** က၊ <khyin: yain khat> 集体踢藤球。（可多至10人）

**ခြင်းလုံး** န၊ <khyin: lon:> ①藤球 ②圆筒状篓

**ခြင်းလုံးခတ်** က၊ <khyin: lon: khat> 踢藤球

**ခြင်းလင်း** ပ၊ <khyin: lin:>（合）①带有红色：နှုတ်သီး ～ 鲜红的鸟嘴 ②嫩，幼小：သားပျို ～ 幼儿

**ခြင်းလင်းဖွေးလွေး** ကဝ၊ <khyin: lin: phwei: lwei:> 大量地

**ခြင်းလျှောင်း** <khyin: lyaun:> 长形篓

…**ခြင်း…လျှင်** ပ၊ <gyin: hlin>（文）＝…ခြင်း…ယင်

**ခြင်းအလို့ငှာ** သ၊ <khyin: a-lo' hnga/ gyin: a- lo' hnga> ＝ ခြင်းငှာ

**ခြင်းအားဖြင့်** သ၊ <khyin: a: phyin'> 联接两个动词或分句，表示"通过……"：ဒီတကြိမ်လာရောက်လည်ပတ်ကြည့်ရှု ～ ကျနော်တို့အချင်းချင်းပိုပြီးနားလည်လာကြတယ်။ 通过这次访问更增进了我们之间的相互了解。

**ခြောင်း** က၊ <khyaun:> 弥漫，笼罩

**ခြောင်းကနဲ** ကဝ၊ <khyaun: k- ne:> 突然（生气、冒烟等）：ဒေါသ ～ ထွက်လာသည်။ 突然大发雷霆，勃然大怒。

**ခြောင်းခြောင်း** ကဝ၊ <khyaun: gyaun:>（烟雾，气体）滚滚；（怒气）冲冲：ဒေါသ ～ ထွက်သည်။ 怒气冲冲。/ အငွေ့ ～ ထသည်။ 热气腾腾。

**ခြစ်** I က၊ <khyti> 划，刻；刮，擦：ကညစ်နှင့်ပေမှာ ～ သည်။ 用铁笔在棕榈叶上刻写文字。/ ～ ပြီးသားစာစီစာကုံးများကိုဆရာကပြန်ပေးသည်။ 老师把改过的作文本发给学生。/ မီး ～ လိုက်သည်။ 把火柴划着了。/ သခွားသီးကိုခြစ်ဖြင့် ～ သည်။ 用礤床儿擦黄瓜丝。 II န၊ <gyit> 礤床儿、刮刀：အုန်း ～ 擦椰丝的礤床儿。

**ခြစ်ကုတ်** က၊ <khyit kout> ①抓；（喻）使劲：ဦးနှောက်ကို ～ ပြီးအသုံးပြုသည်။ 绞尽脑汁。②节俭：ငွေကို ～ ပြီးသုံးစွဲသည်။ 用钱很节省。

**ခြစ်ခြစ်ကုတ်ကုတ်** ကဝ၊ <khyit khyit kout kout> ＝ ခြစ်ခြစ်ခြုတ်ခြုတ်

**ခြစ်ခြစ်ခြုတ်ခြုတ်** ကဝ၊ <khyit khyit khout khout> ①节俭：တအိမ်သားလုံး ～ သုံးစွဲနေထိုင်ကြသည်။ 全家生活很节俭。②牢牢地，牢固地：～ ဆုပ်ကိုင်ထားသည်။ 牢牢地握住。

**ခြစ်ခြုတ်** က၊ <khyit khyout> ①使劲：ခြေကြွခကို ～ ၍ပေးလိုက်ရသည်။ 好不容易才付出了请医生的出诊费。/ သူ့အသံကို ～ ညှစ်ထုတ်ကာအော်လိုက်သည်။ 他使尽全身气力喊叫起来。 ②想尽办法搜取 ③擦，刮：～ ဆေးကြော သည်။ 擦洗干净。

**ခြစ်သား** န၊ <khyit tha:> 刨，刨刀

**ခြည်း** က၊ <khyi:>（古）①苗条，纤细，婀娜 ②（声音）悦耳，清脆，柔和

**ခြည်းခြည်း** ကဝ၊ <khyi: gyi:> ①苗条地，柔弱地 ②悦耳地 ③光采夺目，色彩鲜艳，灿烂

**ခြည်းခြည်းချက်ချက်** ကဝ၊ <khyi: gyi: khyet khyet> 苗条，纤弱，婀娜多姿